# Yoma Bulletin

ရိုးမ သတင်းစဉ်

Group Bi-weekly highlights


THADINGYUT FEATURE

## Celebrate Thadingyut Safely at Home

Thadingyut is one of the biggest festivals in Myanmar where we celebrate with lights and pay homage to our elders. This year, it will be a little different. Due to COVID-19, our movements are restricted for safety and health reasons. But that doesn't mean we can't find ways to celebrate. We would like to share with you some alternative ways to celebrate at home and stay engaged during this long holiday.

သီတင်းကျွတ်သည် မြန်မာနိုင်ငံ၏ အကြီးဆုံးပွဲတော်များအနက် တစ်ခုဖြစ်ပြီး ကျွန်ုပ်တို့သည် ဆီမီးများထွန်းကာ လူကြီးသူမများကို အရိုအသေပေးကန်တော့ကြပါသည်။ ယခုနှစ်တွင် COVID-19 ကြောင့် ကျွန်ုပ်တို့၏ ဘေးကင်းလုံခြုံရေးအတွက် သွားလာမှုများကို ကန့်သတ်ထားသဖြင့် တမူထူးခြားနေပါလိမ့်မည်။ သို့ရာတွင် သီတင်းကျွတ်ကို ဆင်နွဲနိုင်ခြင်းမရှိဟု မဆိုလိုပါ။ လာမည့် သီတင်းကျွတ်ပိတ်ရက်တွင် နေအိမ်မှနေပြီး ပါဝင်ဆင်နွဲနိုင်မည့် နည်းလမ်းများကို အားလုံးနှင့် မျှဝေပေးလိုက်ပါသည်။

## Our Support to the Government



Covid-19 has brought upon numerous challenges to our community. As a Group, we are playing our part in numerous ways, supporting the needs of our communities where we can. We recently provided financial assistance to the Yangon Regional Government in response to their fight against COVID-19. We will get through these challenging times and we will come out of this even stronger by working together and supporting each other.

Covid-19 သည် ကျွန်ုပ်တို့လူ့အဖွဲ့အစည်းအတွက် စိန်ခေါ်မှုများနှင့် အခက်အခဲများစွာကို ယူဆောင်လာပေးခဲ့ပါသည်။ လုပ်ငန်းစုအနေဖြင့်လည်း ကျွန်ုပ်တို့သည် လူ့အဖွဲ့အစည်းအတွက် လိုအပ်သည်များကို ကူညီလုပ်ဆောင်ပေးလျက် ရှိပါသည်။ မကြာသေးမီက Covid-19 လုပ်ငန်းစဉ်အတွက် ဘဏ္ဍာရေးထောက်ပံ့မှုများကို ရန်ကုန်တိုင်းအစိုးရထံ ပေးအပ်လှူဒါန်းခဲ့ပါသည်။ ယခုလိုအချိန်ကာလကို အချင်းချင်း ရိုင်းပင်းကူညီခြင်းဖြင့် ကျော်လွှားသွားနိုင်မှာဖြစ်ပြီး အခက်အခဲများ ပြီးမြောက်ချိန်တွင် ကျွန်ုပ်တို့သည် ပိုမိုကြံ့ခိုင်လာမှာဖြစ်ပါသည်။

## Cultural Knowledge Sharing by Uncle U Linn Myaing



We pay homage, celebrate with lights and firecrackers every year during Thadingyut, but what is the "why" behind these activities? How much do you know about the cultural background of this festive season? It is our pleasure to have our Executive Vice President for Government relations and Special Counsel to the Chairman, Uncle U Linn Myaing to share with us about the practices, background and essence of Thadingyut. Click here for uncle's online sharing.

နှစ်စဉ် သီတင်းကျွတ်အခါသမယတွင် ကျွန်ုပ်တို့သည် အာစရိယပူဇော်ပွဲများ ပြုလုပ်ခြင်း၊ ဆီမီးများနှင့် မီးရှူးမီးပန်းများဖြင့် ဆင်နွဲလေ့ရှိကြပါသည်။ သို့ရာတွင် အဘယ်ကြောင့် ဤသို့ဆင်နွဲရသနည်း။ သီတင်းကျွတ်ပွဲတော်၏ သမိုင်းဝင် အကြောင်း ကို ကျွန်ုပ်တို့ ဘယ်လောက်သိထားသလဲ။ Government Relations ၏ Executive Vice President နှင့် ဥက္ကဋ္ဌ၏ အထူးအကြံပေးဖြစ်သူ အန်ကယ် ဦးလင်းမြိုင်မှ သီတင်းကျွတ်နှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများ၊ သမိုင်းဝင် အကြောင်းများကို ရှင်းပြထားပါသည်။ အန်ကယ်မှ ရှင်းပြထားသည့် ဗီဒီယိုကို ဤလင့်ခ်တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## Join our Virtual Homage

Every year during Thadingyut, the Group would pay homage to our Chairman, Uncle U Linn Myaing and Aunty Le' Le' Win in a ceremony. This year, with most of us working from home, we will be taking this celebration virtual. Click here to join and share your wishes on the Q&A message box during this live session.

နှစ်စဉ်သီတင်းကျွတ်တွင် လုပ်ငန်းစုမှ ဥက္ကဋ္ဌနှင့်အတူ အန်ကယ်ဦးလင်းမြိုင်နှင့် အန်တီလဲ့လဲ့ဝင်းတို့အတွက် သီတင်းကျွတ်ကန်တော့ပွဲကို ပြုလုပ်ပေးခဲ့ကြပါသည်။ ယခုနှစ်တွင် ကျွန်ုပ်တို့အများစု နေအိမ်မှနေ၍ အလုပ်လုပ်နေကြသည့်အတွက် ကန်တော့ပွဲကို အွန်လိုင်းမှ ပြုလုပ်သွားမှာ ဖြစ်ပါသည်။ ကန်တော့ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုကို ဤလင့်ခ်မှတစ်ဆင့် ကြည့်ရှုနိုင်ပြီး မိမိတို့၏ ဂါရဝပြု ဆုတောင်းစာများကို Q&A မက်ဆေ့ချ်မှတစ်ဆင့် ပေးပို့နိုင်ပါသည်။



THADINGYUT FEATURE

# Donate with Yoma to Aged Care Centers

While we are paying homage to our elders at home, there are many elders who are spending this special occasion alone in aged care centers. They all deserve a joyful Thadingyut.

One of the teams of Leading the Yoma Way Batch 3: Team Yoma Spirit has initiated the "Yoma Thadingyut Donation Campaign". We invite our Yoma Family to participate in this meaningful donation. Click here now to contribute and help spread some joy to our elders.

## ရိုးမနှင့်အတူ ဘိုးဘွားရိပ်သာများအတွက် လှူဒါန်းပေးနိုင်


နေအိမ်မှာနေ၍ သက်ကြီးရွယ်အိုများကို အရိုအသေပြု ကန်တော့နေစဉ် ဘိုးဘွားရိပ်သာများတွင် သီတင်းကျွတ်အချိန်အခါကို တစ်ယောက်တည်း အချိန်ကုန်ဖြတ်သန်းနေသည့် သက်ကြီးရွယ်အိုများစွာ ရှိပါသည်။

သူတို့အတွက်လည်း ပျော်ရွှင်စရာကောင်းသော သီတင်းကျွတ်ဖြစ်စေရန် Leading the Yoma Way သင်တန်းအမှတ်စဉ် ၃ မှ အဖွဲ့တစ်ဖွဲ့ဖြစ်သည့် Team Yoma Spirit မှ "ရိုးမသီတင်းကျွတ် လှူဒါန်းရေး အစီအစဉ်ကို" စတင်လုပ်ဆောင်ထားပါသည်။ အခုလို အဓိပ္ပာယ်ရှိလှသည့် ဤအလှူဒါနတွင် ရိုးမမိသားစုဝင်များလည်း ပါဝင်နိုင်ရန် ဖိတ်ခေါ်လိုက်ပါသည်။ ဤ လင့်ခ် သို့ဝင်ရောက်၍ သက်ကြီးရွယ်အိုများအတွက် ပါဝင်လှူဒါန်းနိုင်ပါသည်။




# Celebrate Thadingyut with New Profile Frames

Looking to update your Workplace or Facebook profile picture? Celebrate Thadingyut as part of the Yoma Group with our newly designed temporary profile picture frame. Simply upload your picture on Workplace Chat: Profile Frames and follow the step-by-step guide here.



မိမိတို့၏ Workplace နှင့် Facebook မှ Profile ဓာတ်ပုံကို ပြောင်းဖို့အစီအစဉ် ရှိတယ်ဆိုရင် ကျွန်ုပ်တို့မှ ဖန်တီးထားသည့် Profile ဓာတ်ပုံဘောင်အသစ်လေးကို အသုံးပြုပြီး Yoma Group နှင့်အတူ သီတင်းကျွတ်ကို ပါဝင်ဆင်နွှဲနိုင်ပါသည်။ မိမိ၏ ဓာတ်ပုံကို Workplace Chat မှ တစ်ဆင့်ပေးပို့ရုံဖြင့် ပြောင်းနိုင်ပါသည်။ လုပ်နိုင်ပုံ အဆင့်ဆင့်ကို ဤလင့်ခ်တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# New Ways of Paying Homage

As stay at home orders extends, a lot of retailers are now offering great homage gift packages that could easily be delivered to the doorstep of whom you would like to pay your respect to. Thanks to Leading the Yoma Way Batch 3 – Yoma Team Spirit for sharing some interesting ways to pay homeage this year. Click Logos on PDF versions to go to direct links.

Popular Homage Packages

Sending Pocket Money through e-wallets

နေအိမ်မှာနေရမည့် ကာလကို တိုးမြှင့်ထားသည်နှင့်အမျှ သီတင်းကျွတ်ကာလ ကန်တော့နိုင်မည့် ပစ္စည်းများကို မိမိတို့မှ ပေးပို့လိုသူ၏ နေအိမ်ထံ အိမ်တိုင်ရာရောက် ပို့ပေးနိုင်ရန် ဆိုင်များမှ စီစဉ်ထားရှိပါသည်။ Leading the Yoma Way သင်တန်းအမှတ်စဉ် ၃ မှ Yoma Team Spirit အဖွဲ့၏ ယခုနှစ် သီတင်းကျွတ်ကန်တော့ပွဲအတွက် အသုံးပြုနိုင်မည့် နည်းလမ်းအသစ်များကို မျှဝေပေးလိုက်ပါသည်။ သက်ဆိုင်ရာလင့်ခ်များအတွက် ဖော်ပြပါ အမှတ်တံဆိပ်များကိုနှိပ်ရန်။

# October Yoma Challenge: Lights@home

Every month, the Yoma Challenge team try our best to bring interesting and fun virtual challenges to our groupwide employees. This month we wish to celebrate Thadingyut together. By joining a team and sharing pictures of your celebrative lighting at home, you might get a chance to win our limited-edition pins. Join us now.

လစဉ် Yoma Challenge အဖွဲ့သားများမှ လုပ်ငန်းစုမှ ဝန်ထမ်းများအတွက် စိတ်ဝင်စားဖို့နှင့် ပျော်စရာအကောင်းဆုံး အစီအစဉ်များကို အွန်လိုင်းမှ ပြုလုပ်ပေးလျက်ရှိပါသည်။ ယခုလတွင် သီတင်းကျွတ်အခါသမယကို အတူတကွ ပါဝင်ဆင်နွှဲလိုပါသည်။ အဖွဲ့တစ်ဖွဲ့ကို ကိုယ်စားပြု၍ မိမိတို့နေအိမ်တွင် သီတင်းကျွတ်အား ဆင်နွှဲနေသည့် ဓာတ်ပုံများကို အားလုံးနှင့် မျှဝေပေးခြင်းဖြင့် ကျွန်ုပ်တို့မှပေးအပ်သည့် ရင်ထိုးများကို ရရှိနိုင်မှာဖြစ်ပါသည်။ အခုဘဲ ပါဝင်လိုက်ကြရအောင်။

HR ANNOUNCEMENTS

# We Wish You a Speedy Recovery

Care packages with daily essentials were sent to our employees who unfortunately have been tested positive for Covid-19. We wish all of you a speedy recovery. A reminder to all employees - if you have any symptoms, call TeleHealth 09 887 700 926, or if you were in contact with anyone who is Covid-19 positive, please email askhr.com.mm immediately.





Covid-19 ကူးစက်ခံရသည့် ကျွန်ုပ်တို့၏ ဝန်ထမ်းများထံ နေ့စဉ်သုံးလိုအပ်သည့် ပစ္စည်းများကို ပေးပို့ခဲ့ပြီး အမြန်ဆုံး သက်သာပျောက်ကင်း လာမည်လို့လည်း မျှော်လင့် မိပါသည်။ ရောဂါလက္ခဏာတစ်ခုခုကို ခံစားရပါက TeleHealth ၀၉ ၈၈၇ ၇၀၀ ၉၂၆ ထံ ဖုန်းဆက်ခေါ်ဆိုရန် (သို့) ရောဂါပိုးရှိသူနှင့် ထိတွေ့မိပါက askhr.com.mm ထံ ချက်ချင်းအီးမေးလ်ပို့ အကြောင်းကြားရန် ဝန်ထမ်းများအား ထပ်မံသတိပေးလိုပါသည်။




Yoma Connect is our employee database and to make sure all your personal information is most up to date, please kindly notify us for any changes such as job title or phone number. askhr@yoma.com.mm

Yoma Connect သည် ကျွန်ုပ်တို့၏ ဝန်ထမ်းဒေတာများ စုစည်းထားရာ နေရာဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များမှာ မှန်ကန်မှုရှိကြောင်း ပြန်လည်စစ်ဆေးလိုပါသည်။ လုပ်ငန်းရာထူးနှင့် ဖုန်းနံပါတ်အပြောင်းအလဲများရှိပါက ကျွန်ုပ်တို့ထံ အကြောင်းကြားပေးစေလိုပါသည်။

# Your Views on Yoma Healthcare Program

To better understand your health & wellness condition, this survey is designed to help us find solutions to improve your overall lifestyle quality, health and wellness. Spare a few minutes and let us know what you think.  Click here.

သင်တို့၏ ကျန်းမာပျော်ရွှင်ရေးဆိုင်ရာ အခြေအနေကို ပိုမိုသိရှိနားလည်စေရန်နှင့် သင်တို့၏ ကျန်းမာရေးနှင့် လူနေမှုအဆင့်အတန်း တိုးတက်လာစေရန် ဤစစ်တမ်းကို ပြုလုပ်ရခြင်းဖြစ်ပါသည်။ သင်တို့၏ ထင်မြင်ချက်များကို ကျွန်ုပ်တို့သိရှိနိုင်စေရန် စစ်တမ်းတွင် ဝင်ရောက်ဖြေဆိုစေလိုပါသည်။

## YOMA RECRUITMENT

Here are some “Hot Roles” at Yoma this week:
ရှိုးမတွင် ယခုအပတ်အတွင်း ခေါ်ယူနေသည့် အလုပ်ရာထူးများမှာ -

1. UAT Tester (Group)
2. Talent Acquisition Manager (Group)
3. Management Office Executive (Yoma Land)
4. HR Operations Manager (Group)
5. Senior Legal Officer (Yoma Micro Power)
6. Leasing Executive (Yoma Land)
7. Customer Service Assistant (KOSPA)

*Take charge of your career. For more internal job vacancies, click here.*

# Yoma Peer-to-Peer Support Group

We kick-started the first 2 sessions of our weekly peer-to-peer support group led by Dr. Anila Paul and it was very well-received. This peer-to-peer support group led by Dr Anila Paul is a place where we can come together to share and give each other support – all in a safe and supportive environment. If you are facing challenges working at home or trying to balance between working and being a parent all under one roof or trying to make sense and cope with everything that's going on, you are not alone.

Join our next session on Friday 30 October at 5:30 pm. Register here by Friday 10 am.

Dr. Anila Paul မှ ဦးစီး၍ အပတ်စဉ်ပြုလုပ်လျက်ရှိသည့်  Peer-to-Peer Support Group အစီအစဉ်ကို နှစ်ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ရာ တက်ရောက်ခဲ့သူများမှ အထူးကြိုက်နှစ်သက်ကြပါသည်။

Dr. Anila Paul မှ ဦးဆောင်သည့် Peer-to-Peer Support Group အစီအစဉ်တွင် လူတိုင်းပါဝင်နိုင်၍ မိမိတို့၏ အတွေ့အကြုံများနှင့် အချင်းချင်းလိုအပ်သည်များကို လုံခြုံစိတ်ချစွာ မျှဝေကူညီပံ့ပိုးပေးနိုင်ပါသည်။ နေအိမ်မှာနေ၍ အလုပ်လုပ်နေစဉ် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအပြင်၊ အလုပ်နှင့် မိသားစုဟန်ချက်ညီအောင် ကြိုးစားနေကြသူများနှင့် အခြားပြဿနာများဖြင့် ကြုံတွေ့နေရသူများအနေဖြင့် သူတို့သည် တစ်ယောက်တည်း ရင်ဆိုင်ဖြေရှင်းနေရခြင်းမဟုတ်ပါ။

ယခုအပတ် သောကြာနေ့၊ အောက်တိုဘာလ ၃၀ ရက်နေ့၊ ညနေ ၅:၃၀ နာရီ တွင် ပြုလုပ်မည့် အစီအစဉ်တွင် ပါဝင်ရန် ဖိတ်ခေါ်လိုက်ပါသည်။ ဤလင့်ခ်တွင် သောကြာနေ့မနက် ၁၀ နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပါသည်။

# Celebrate Halloween this Weekend

For those who enjoy celebrating Halloween, we have something for you to take part in. If you are into spooky stories, join Spooky story telling hosted by our Leading the Yoma Way Batch 3 - Team Antibiotic or dress up & win for Halloween hosted by the Campus Committee. Don't miss this spooky fun!

Halloween အတွက် ကျင်းပဆင်နွှဲရသည်ကို ကြိုက်နှစ်သက်သူများအတွက် ကျွန်ုပ်တို့မှ အစီအစဉ်တစ်ခုကို စီစဉ်ထားရှိပါသည်။ ထိတ်လန့်ဖွယ်ရာ သရဲပုံပြင် ဇာတ်ကြောင်း များကို စိတ်ဝင်စားသူများ ကျွန်ုပ်တို့၏ Leading the Yoma Way သင်တန်းအမှတ်စဉ် ၃ မှ အသင်း Team Antibiotic က စီစဉ်ထားသည့် သရဲပုံပြင်ပြောခြင်း အစီအစဉ်မှာ ပါဝင်နိုင်ပါသည်။ ဒါမှမဟုတ် Campus ကော်မတီမှ စီစဉ်ထားသည့် Dress up & win အစီအစဉ်မှာ ပါဝင်နိုင်ပါသည်။ ရင်ခုန်ထိတ်လန့်စရာကောင်းသော ဖော်ပြပါ အစီအစဉ်တွေကိုလည်း လက်မလွတ်စေနဲ့နော်။



ENTITIES HIGHLIGHTS

# High Street Live Concert at Awei Metta

**Craving for a concert while you are home during Thadingyut?**

No worries, Memories Group got you covered. Join us at Awei Metta (virtually) for the High Street Live Concert streaming on Oct 29th 2020 at 8 PM (YGN) with singers Tin Zar Maw, Phyo Pyae Sone, and Jewel and MC Ko San Htut. Don't miss out, enjoy your favorite songs in this virtual concert.




## Awei Metta တွင် ပြုလုပ်မည့် High Street တိုက်ရိုက်ဖျော်ဖြေမှု

သီတင်းကျွတ်ကာလ နေအိမ်မှာ တိုက်ရိုက်ဖျော်ဖြေမှု အစီအစဉ် ကြည့်ချင်နေသူတွေအတွက် Memories Group မှ စီစဉ်ထားရှိပါသည်။

အွန်လိုင်းမှတစ်ဆင့် Awei Metta မှ ထုတ်လွှင့်ပြသသွားမည့် High Street တိုက်ရိုက်ဖျော်ဖြေမှုကို အောက်တိုဘာလ ၂၉ ရက်နေ့၊ ညနေ ၈ နာရီတွင် စတင်ပြသမှာဖြစ်ပြီး အဆိုတော် တင်ဇာမော်၊ ဖြိုးပြည့်စုံနှင့် Jewel တို့၏ ဖျော်ဖြေမှုနှင့်အတူ ပွဲတင်ဆက်သူ MC ကိုဆန်းထွဋ် မှ ပါဝင်သွားမှာ ဖြစ်ပါသည်။ ထို့ကြောင့် အကြိုက်ဆုံးသီချင်းတွေကို နားဆင်နိုင်ဖို့အတွက် ကြည့်ရှုကြရန် တိုက်တွန်းလိုက်ပါသည်။

# Get your new phone with Yoma Plus

If you are thinking about buying a new phone, you might want to wait for Yoma Plus.

Yoma Fleet is introducing a new project called Yoma Plus as a part of People2020 initiatives. Yoma Plus phone lease-to-buy program is an exclusive employee benefit scheme for the Yoma Group employees.

Yoma Plus allows the Yoma Group employees to purchase a brand-new phone on the website with a fixed 12-monthly payment deducted from their salary. Apple iPhone, Samsung and Xiaomi phones will be available first on the platform.

All Yoma Group permanent employees are eligible for the program and minimum monthly salary is required in choosing phones. No documents or deposit is required to lease-to-buy a phone on Yoma Plus.

Yoma Plus will launch its website groupwide on 11 November 2020. Stay tuned.




## Yoma Plus ဖြင့် ဖုန်းအသစ် ဝယ်ယူနိုင်

ဖုန်းအသစ်ဝယ်ဖို့ စဉ်းစားနေပါက Yoma Plus ကို စောင့်လိုက်ပါ။

Yoma Fleet မှ People2020 ၏ အစီအစဉ် တစ်ခုအနေဖြင့် Yoma Plus ကို မကြာခင် မိတ်ဆက်ပေးသွားမှာဖြစ်ပါသည်။ Yoma Plus ၏ ဖုန်းငှားရမ်းဝယ်ယူမှုအစီအစဉ်သည် Yoma Group ဝန်ထမ်းများအတွက် သီးသန့်အကျိုးခံစားခွင့် အစီအစဉ် တစ်ခုဖြစ်ပါသည်။

ဝန်ထမ်းများမှ မိမိနှစ်သက်ရာဖုန်းအသစ်နှင့် တံဆိပ်မျိုးစုံကို Yoma Plus website တွင် ရွေးချယ်ပြီး ဖုန်းတန်ဖိုးကို မိမိ၏လစာမှ ၁၂-လ အရစ်ကျစနစ်ဖြင့် ပေးချေနိုင်ပါသည်။ Apple iPhone, Samsung နှင့် Xiaomi ဖုန်းတံဆိပ်တွေကို ကနဦးအစီအစဉ်အနေဖြင့် ငှားရမ်းဝယ်ယူနိုင်မှာဖြစ်ပါသည်။

ဤအစီအစဉ်ကို Yoma Group မှာ အမြဲတမ်းဝန်ထမ်းအဖြစ် လုပ်ကိုင်နေသည့် ဝန်ထမ်းများအားလုံး ပါဝင်နိုင်ပြီး ဝယ်ယူရန် ရွေးချယ်ထားသည့် ဖုန်းအပေါ်မူတည်၍ အနည်းဆုံးရှိရမည့် လစာပမာဏကို ဖော်ပြထားမှာဖြစ်ပါသည်။ Yoma Plus မှ ဖုန်းအသစ်ဝယ်ယူရန် ဝန်ထမ်းများမှ စရန်ငွေနဲ့ အပိုစာရွက်စာတမ်းများ ပေးအပ်ရန်မလိုအပ်ပါ။

Yoma Plus ၏ ဝဘ်ဆိုဒ်တွင် ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့မှစတင်ပြီး ဖုန်းအသစ်တွေကို လျှောက်ထားဝယ်ယူနိုင်မှာဖြစ်ပါသည်။